## “ဟော့ကိုင်းဒိုး၊ စန်းရိုခုအိုခိ နောက်ဆက်တွဲငလျင် သတိပေးချက် ထုတ်ပြန်ခြင်း” ထုတ်ပြန်ချိန်သည့်အခါ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးတုံ့ပြန်ချက်

### ငလျင်ဖြစ်ပွားချိန် လျင်မြန်စွာထွက်ပြေးတိမ်းရှောင်နိုင်ရန် လိုအပ်လာသည့်အခြေအနေ

လှုပ်ရမ်းမှုခံစားရခြင်း ဆူနာမီအရေးပေါ်သတိပေးချက်များအား ထုတ်ပြန်ခြင်းများရှိသည့်အခါ ဆူနာမီအန္တာရာယ်မှ ချက်ချင်းထွက်ပြေး တိမ်းရှောင်နိုင်ရန် ပြင်ဆင်ပါ

#### လျင်မြန်စွာ ထွက်ပြေးတိမ်းရှောင်နိုင်သော ပုံစံဖြင့် အိပ်စက်ပါ

- □လျင်မြန်စွာ ထွက်ပြေးတိမ်းရှောင်နိုင်သော အဝတ်အစားများဖြင့်အိပ်စက်ပါ
- □ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ စသည့် ကူညီစောင့်ရှောက်မှုလိုအပ်သူများနှင့် တစ်ခန်းထဲတွင် အိပ်စက်ပါ
- □အခန်းတွင်း လုံခြုံစိတ်ချရဆုံးဖြစ်ပြီး ထွက်ပြေးတိမ်းရှောင်ရန် လွယ်ကူသောအခန်းကို အသုံးပြုပါ




#### အရေးပေါ်အထောက်အကူပစ္စည်းတွေကို အမြဲကိုယ်နှင့်မကွာဆောင်ထားပါ

- □ပြင်ဆင်ထားတဲ့ အရေးပေါ်အထောက်အကူပစ္စည်းများကို နေ့အချိန်တွင် ကိုယ်နှင့်မကွာဆောင်ထားပြီး အိပ်စက်အချိန်တွင် အိပ်ရာဘေး၌ထားရှိပါ
- □မိမိ၏ကိုယ်ပိုင်သက်သေခံကဒ်ပြားများနှင့် အရေးကြီးပစ္စည်းများအား ကိုယ်နဲ့မကွာဆောင်ထားပါ
- □အအေးဒဏ်ကာကွယ်သောပစ္စည်းများနှင့် နှင်းကျသောနေရာများအတွက် ပြင်ဆင်ထားသော ပစ္စည်းများကို အနီးအနားတွင်ထားရှိပါ



### ငလျင်ကြောင့် အန္တရာယ်ဖြစ်နိုင်ခြေမြင့်မားသောနေရာတွင်ရှိနေသောအခါ

ခန့်မှန်းထားသော အန္တရာယ်များမှ မိမိ လုံခြုံစိတ်ချရမှုရှိနိုင်အောင်ပြင်ဆင်ပါ

#### လှုပ်ရမ်းမှုကြောင့် ပြိုလဲပျက်စီးနိုင်မှုများအတွက်ပြင်ဆင်ချက်

- □ပထမအကြိမ်ဖြစ်ပွားခဲ့သောငလျင်ကြောင့် ပျက်စီးထားသော အဆောက်အဦးများနှင့် ပြိုလဲလွယ်သော အဆောက်အဦးနံရံများမှ တတ်နိုင်သလောက် ဝေးကွာသောနေရာတွင်နေပါ



#### မြေပြိုမှုဘေးအန္တရာယ်အတွက် သတိပေးချက်

- □ပထမအကြိမ်ဖြစ်ပွားခဲ့သော ငလျင်ကြောင့် မြေပြိုမှု အန္တရာယ်ရှိနိုင်ခြေများသော နေရာများမှ တတ်နိုင်သလောက် ဝေးကွာသောနေရာတွင်နေပါ
- □မြေပြိုမှုအန္တရာယ် ဖြစ်နိုင်ခြေရှိသောအိမ်များတွင် ချောက်ကမ်းပါးနှင့် နီးသောအခန်းတွင် အိပ်စက်ခြင်းကိုရှောင်ကြဉ်ပါ
- □ငလျင်ဖြစ်ပွားပြီးနောက်ပိုင်း ဆူနာမီအန္တရာယ်မှ ရှောင်တိမ်းရခက်ခဲသော နေရာတွင် ရောက်ရှိနေပါက အန္တရာယ်ရှိသောနေရာများကို သတိထားပြီး အချိန်မရွေးထွက်ပြေးနိုင် စေရန်ပြင်ဆင်ပါ




### နောက်ဆက်တွဲငလျင်များကို သတိထားပြီး ဘယ်သူမဆိုလက်တွေ့လုပ်ဆောင်သင့်တဲ့ ပြင်ဆင်ချက်များ

#### အရေးပေါ်သတင်းအချက်အလက်များကို ရယူနိုင်ရန် လုပ်ဆောင်ပါ

- □လက်ကိုင်ဖုန်း စသည်တို့ဖြင့် အရေးပေါ်သတင်းအချက်အလက်များရယူနိုင်သောစက်ပစ္စည်းတွေကို ပုံမှန်အချိန်များထက်ပို၍ အသံချဲ့ထားပါ
- □ရေဒီယိုနဲ့ သဘာဝဘေးအန္တရာယ်သတင်းလက်ခံရရှိနိုင်တဲ့ စက်တွေကို နေ့စဉ်သွားလာနေသောနေရာတိုင်းတွင်ထားရှိပါ




#### နေ့စဉ် ကြိုတင်ပြင်ဆင်ချက်များကို ပြန်လည်အတည်ပြုစစ်ဆေးခြင်း

- □ရေ နှင့် အစားအစာသိုလှောင်ထားမှုကို ပြန်လည်အတည်ပြုစစ်ဆေးခြင်း
- □ထွက်ပြေးတိမ်းရှောင်မည့် နေရာ・ထွက်ပြေးတိမ်းရှောင်မည့် လမ်းကြောင်းများကို ပြန်လည်အတည်ပြုစစ်ဆေးခြင်း
- □မိသားစုနှင့် ဆက်သွယ်ရန်နည်းလမ်းများကို ပြန်လည်အတည်ပြုစစ်ဆေးခြင်း
- □အိမ်ထောင်ပရိဘောဂများ၏ ခိုင်ခံ့မှုကို ပြန်လည်အတည်ပြုစစ်ဆေးခြင်း
- □ပတ်ဝန်းကျင်လူထုအဖွဲ့အစည်းများနှင့်လေ့ကျင့်မှုများကို ပြန်လည်အတည်ပြုစစ်ဆေးခြင်း




### “ဟော့ကိုင်းဒိုး၊ စန်းရိုခုအိုခိ နောက်ဆက်တွဲငလျင် သတိပေးချက် ထုတ်ပြန်ခြင်း” ထုတ်ပြန်ကြေညာချိန်တွင် ဘေးအန္တရာယ်ကာကွယ်မှုကိုပြုလုပ်သင့်သော ဧရိယာ

Hokkaido မှ Chishima ခရိုင်အထိ ကျယ်ဝန်းသောဧရိယာများ ပါ

**ဘေးအန္တရာယ်ကာကွယ်မှုပြုလုပ်သင့်သော ဧရိယာများ၏အခြေခံကျသော စဥ်းစားပုံ**

- ■ငလျင်ပြင်းအား ၆ နှင့်အထက်ဒေသများ
- ■ဆူနာမီလှိုင်းအမြင့် ၃မီတာ နှင့်အထက်ရှိသောဒေသများ
- ■ငလျင်ဘေးအန္တရာယ်ကာကွယ်ရေးအဖွဲ့အစည်းမှ ဘေးအန္တရာယ်ကာကွယ်ရေးပြုလုပ်သင့်သည်ဟု စဥ်းစားသောနေရာများ




## ဆက်သွယ်စုံစမ်းရန်နေရာများ

内閣府 Cabinet Office
အစိုးရအဖွဲ့မှုဂါဒ္ဒြန်ကြားရေးမှူး (ဘေးအန္တရာယ်ကာကွယ်ရေး တာဝန်ရှိသူ)
လက်ထောက်အတိုင်ပင်ခံ (စစ်တမ်းကောက်ယူခြင်း・အစီအစဥ်တာဝန်ရှိသူ)
ဗဟိုအစိုးရအဆောက်အဦး အမှတ် ၈ ၊ ၁-၆-၁ Nagata မြို့နယ် ၊ Chiyoda ခရိုင်၊ Tokyo မြို့
TEL: 03-5253-2111 (အဓိကကိုယ်စားလှယ်) FAX: 03-3501-6820
https://www.bousai.go.jp/jishin/nihonkaiko_chishima/hokkaido/index.html

気象庁 Japan Meteorological Agency
ငလျင်နှင့်မီးတောင် ဌာနဆိုင်ရာ
၃-၆-၉ Toranomon မြို့၊ Minato ခရိုင် ၊Tokyo စီရင်စု။ စာတိုက်သေတ္တာအမှတ် 105-8431
TEL: 03-6758-3900 (ကိုယ်စားလှယ်) FAX: 03-3434-9086
https://www.data.jma.go.jp/eqev/data/nceq/index.html

ထုတ်ဝေသည့်ရက်စွဲ February 2025

# ဂျပန်သမုဒ္ဒရာရေနက်ပိုင်းနှင့် Chishimaသမုဒ္ဒရာရေနက်ပိုင်းတလျှောက်ကြီးမားတဲ့ငလျင်များ

— မဖြစ်ခင်ကြိုတင်ပြင်ဆင်ချက်များ—

## ကြိုတင်သိထားခြင်းဖြင့် သင်နှင့် တန်ဖိုးထားရသူများ၏အသက်ကိုကာကွယ်လိုက်ပါ

ဂျပန်သမုဒ္ဒရာရေနက်ပိုင်းနှင့် Chishimaသမုဒ္ဒရာရေနက်ပိုင်းတလျှောက်ဒေသများတွင် မြေမျက်နှာသွင်ပြင် ပေါ်တွင်ဖြစ်ပွားသော ငလျင်များအပြင် အခြားသော ငလျင်အမျိုးအစားများစွာဖြစ်ပွားလျက်ရှိပြီး မရေမတွက်နိုင်သော ပျက်စီးဆုံးရှုံးမှုများ သက်ရောက်စေခဲ့ပါသည်။

နေ့စဉ် ရုတ်တရက်ဖြစ်ပွားနိုင်ခြေရှိသော ငလျင်များအတွက် ကြိုတင်ပြင်ဆင်မှုများကို သေချာစွာလုပ်ဆောင်ပြီး “ဟော့ကိုင်းဒိုး၊ စန်းရိုခုအိုခိ နောက်ဆက်တွဲငလျင် သတိပေးချက် ထုတ်ပြန်ခြင်း” ထုတ်ပြန်ကြေညာမှုပြုလုပ်ခဲ့ပါက ဆက်လက်ဖြစ်ပေါ်နိုင်သောငလျင်အန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ကြရအောင်။



# ကြိုတင်ခန့်မှန်းထားသော ဆူနာမီနှင့်ငလျင်ပြင်းအား

ဂျပန်သမုဒ္ဒရာရေနက်ပိုင်းနှင့် Chishimaသမုဒ္ဒရာရေနက်ပိုင်း တလျှောက်၏ ကြီးမားတဲ့ငလျင်များဖြစ်ပွားမှုနဲ့အတူ Hokkaido မှ Chishima ခရိုင်အထိ ကျယ်ဝန်းသောဧရိယာများတွင် ကြီးမားသောဘေးအန္တရာယ်တွေဖြစ်ပွားနိုင်ချေရှိသည် အထူးသဖြင့် ကမ်းလွန်ဒေသများတွင် ဆူနာမီကြောင့် ကြီးမားသော ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားနိုင်ချေရှိသည် ကြီးမားသောထိခိုက်မှုတွေခံရနိုင်သောဒေသများတွင် ဂျပန်သမုဒ္ဒရာရေနက်ပိုင်းနှင့် Chishimaသမုဒ္ဒရာရေနက်ပိုင်း တလျှောက်ရဲ့ ကြီးမားတဲ့ငလျင်များအတွက် ပြင်ဆင်မှုတွေလိုအပ်ပါသည်

### ဂျပန်သမုဒ္ဒရာရေနက်ပိုင်းဖြစ်ပေါ်နိုင်သော ငလျင)




### Chishimaသမုဒ္ဒရာရေနက်ပိုင်းတလျှောက်ဖြစ်ပေါ်နိုင်သော ငလျင်




## ထိခိုက်ပျက်စီးမှုခန့်မှန်းခြေနှင့် ဘေးအန္တရာယ်ကာကွယ်ခြင်း

- M9အဆင့် ကြီးမားသောငလျင်ဖြစ်ပွားချိန်တွင် အဆိုးဆုံးအခြေအနေတွင် ※ခန့်မှန်းခြေ လူပေါင်း199000 ခန့်သေဆုံးမှု ဖြစ်ပွားနိုင်သည်ဟု ခန့်မှန်းထားသည်
- ဆူနာမီမှ ထွက်ပြေးလွတ်မြောက်ပြီးနောက်ပိုင်းတွင် အေးခဲနေသောနေအထားဖြင့် အချိန်တော်တော်ကြာကြာ နေနေရသောကြောင့် ခန္ဓာကိုယ်အပူချိန်လျော့ကျလာပြီး သေဆုံးနိုင်ချေမြင့်မား
- ထွက်ပြေးတိမ်းရှောင်ခြင်းဆိုင်ရာဗဟုသုတများကိုပိုမိုကောင်းမွန်အောင်လုပ်ခြင်းနှင့် အအေးဒဏ်ခံပစ္စည်းများကိုပြင်ဆင်ထားခြင်းစသည့် ကြိုတင်ပြင်ဆင်ထားခြင်းဖြင့် ထိခိုက်မှု ခန့်မှန်းချေကို 80ရာခိုင်နှုန်း လျှော့ချနိုင်

* ဆောင်းရာသီ၏ ညသန်းခေါင်အချိန်တွင် ဂျပန်သမုဒ္ဒရာရေနက်ပိုင်းတလျှောက် Sanriku・Hidaka ကမ်းလွန်ပင်လယ်တွင် M9.1 ငလျင်ဖြစ်ပွားခဲ့ပါသည် ပြည်သူများ၏ထွက်ပြေးတိမ်းရှောင်ခြင်းဆိုင်ရာဗဟုသုတများနည်းပါးသည့်အခါ

# နေ့စဉ် ငလျင်ဖြစ်ပွားမှုအတွက် ပြင်ဆင်ထားကြရအောင်

☐အိမ်ထောင်ပရိဘောဂများ၏ ခိုင်ခံ့မှု



☐အရေးပေါ်သုံး အထုတ်အပိုးများ ပြင်ဆင်ခြင်း



☐ရေ နှင့် အစားအစာသိုလှောင်ထားမှု




☐ထွက်ပြေးတိမ်းရှောင်ရမည့်နေရာနှင့် ထွက်ပြေးတိမ်းရှောင်ရမည့်လမ်းကြောင်းများ・Plan B ထွက်ပြေးတိမ်းရှောင်ရမည့်လမ်းကြောင်းများ ကိုစစ်ဆေးအတည်ပြုခြင်း



☐မီးလောင်မှုအန္တရာယ်ကာကွယ်တားဆီးခြင်း




☐အဆောက်အဦး ငလျင်ဒဏ်ခံနိုင်မှုရှိအောင်ပြင်ဆင်ခြင်း




(snowman icon) အထူးသဖြင့် နှင်းကျ၍အေးသောဒေသများတွင်ပြင်ဆင်ခြင်း

**ရုတ်တရက်ဖြစ်ပွားလာနိုင်ချေရှိသော ငလျင်များအတွက် ပြင်ဆင်ထားပြီး မိမိအသက် နှင့် တန်ဖိုးထားရသူတွေ၏ အသက်ကိုကာကွယ်ရန်အတွက် နေ့စဉ်ပုံမှန်မှစပြီး ပြင်ဆင်မှုများကို လုပ်ထားကြရအောင်**

# ဆက်လက်ပြီးဖြစ်ပွားနိုင်ခြေရှိသော ကြီးမားသည့်ငလျင်များအတွက်လည်း ပြင်ဆင်ကြရအောင်

## ~ဟော့ကိုင်းဒိုး၊ စန်းရိခုအိုခိ နောက်ဆက်တွဲငလျင် သတိပေးချက် ထုတ်ပြန်ခြင်း~

ဂျပန်သမုဒ္ဒရာရေနက်ပိုင်းနှင့် Chishimaသမုဒ္ဒရာရေနက်ပိုင်း တလျှောက်ဒေသများတွင် တစ်ကြိမ် M7 အဆင့်ငလျင်ဖြစ်ပွားပြီးနောက်ပိုင်း ဆက်လက်ပြီး ကြီးမားတဲ့ငလျင် (နောက်ဆက်တွဲငလျင်) ကဖြစ်ပွားခဲ့သော သာဓကများရှိသည် လက်တွေ့တွင် နောက်ဆက်တွဲငလျင် ဖြစ်နိုင်ခြေနည်းပါးသော်လည်း ခန့်မှန်း ငလျင်ဗဟိုဧရိယာနှင့် အနီးပတ်ဝန်းကျင်တွင် M7.0 နှင့်အထက် ငလျင်ကဖြစ်ပွားခဲ့ပါက ကြီးမားသောငလျင်ဖြစ်ပွားနိုင်ခြေမှာ ပုံမှန်အချိန်ထက်ပို၍ မြင့်မားသော ကြောင့် တစ်ဦးချင်းလည်းတစ်ဦးဆိုသလို များစွာသောအသက်များကို ကယ်ဆယ်နိုင်ရန်အတွက် "ဟော့ကိုင်းဒိုး၊ စန်းရိခုအိုခိ နောက်ဆက်တွဲငလျင် သတိပေးချက် ထုတ်ပြန်ခြင်း"အား ထုတ်ပြန်ကြေညာသည်။

**သတိပေးချက်ထုတ်ပြန်သည့်အခါ ငလျင်ဖြစ်ပွားမှုမှ ၁ပတ်အကြာခန့် လူမှုရေးနှင့်စီးပွားရေး လုပ်ဆောင်ချက်များကို ဆက်လက်လုပ်ဆောင်ခြင်းအပြင် နေ့စဉ် ငလျင်အတွက်ကြိုတင်ပြင်ဆင်မှုများကို အတည်ပြုစစ်ဆေးပြီး ငလျင်လှုပ်ခြင်းကို ခံစားမိခြင်း ဆူနာမီကြိုတင်သတိပေးချက်ထုတ်ပြန်သည့် အချိန်မျိုးတွင် ချက်ချင်းဘေးလွတ်ရာသို့ထွက်ခွာနိုင်ရန် ပြင်ဆင်ထားပါ**




**ဂျပန်သမုဒ္ဒရာရေနက်ပိုင်းနှင့် Chishimaသမုဒ္ဒရာရေနက်ပိုင်း တလျှောက်ရှိ ကြီးမားတဲ့ငလျင်များရဲ့ ခန့်မှန်းငလျင်ဗဟိုဧရိယာ**

**ငလျင်ဗဟိုဧရိယာနှင့် အနီးတဝိုက်ပတ်ဝန်းကျင်**
(ကြိမ်နှုန်းအနည်းအများပေါ်မူတည်၍ကွာခြားနိုင်ပါတယ်)
**M 7.0နှင့် အထက်ရှိသော ငလျင်ကြီးများ လှုပ်ခတ်ခဲ့ပါက**

**ဆက်လက်ဖြစ်ပွားနိုင်သော ငလျင်များ၏ဖြစ်နိုင်ခြေ သတင်းအချက်အလက်ဖြင့်ကြိုတင်ပြင်ဆင်မှုများကို**

"ဟော့ကိုင်းဒိုး၊ စန်းရိခုအိုခိ နောက်ဆက်တွဲငလျင် သတိပေးချက် ထုတ်ပြန်ခြင်း" ကိုထုတ်ပြန်ပြီး



ပုံမှန် လုပ်ငန်းဆောင်တာများကို လုပ်ဆောင်ရင်း တစ်ပတ်ကြာခန့် ကြီးမားသောငလျင်များအတွက် ကြိုတင်ပြင်ဆင်ပါ



* ငလျင်ပြင်းအားအတိုင်းအတာပြယူနစ်

## ဟော့ကိုင်းဒိုး၊ စန်းရိခုအိုခိ နောက်ဆက်တွဲငလျင် သတိပေးချက် ထုတ်ပြန်ခြင်း ၏သတိထားရမည့်အချက်များ

! နောက်ဆက်တွဲငလျင်များ ဖြစ်နိုင်ခြေသည် တစ်ကမ္ဘာလုံးဆိုင်ရာဖြစ်ပွားမှုသာဓကများကိုထည့်သွင်းစဥ်းကြည့်လျှင်အကြိမ် ၁၀၀ တွင် ၁ကြိမ်ခန့်သာဖြစ်သဖြင့် တစ်ပတ်အတွင်းကျိန်းသေ ကြီးမားသော နောက်ဆက်တွဲငလျင် ဖြစ်ပေါ်လာမှုရှိမည်လို့ သတ်မှတ်ထားတာခြင်းမရှိပါ

! သတိပေးချက်ထုတ်ပြန်မှုမရှိဘဲ ရုတ်တရက်ငလျင်ဖြစ်ပေါ်လာနိုင်သည်ကိုခန့်မှန်းပြီး **နေ့စဉ်ငလျင်အတွက်ကြိုတင်ပြင်ဆင်မှု လုပ်ဆောင်နေရန်အရေးကြီး**ပါသည်။

! နိုင်ငံနှင့်သက်ဆိုင်ရာအစိုးရထံမှ ကြိုတင် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် နှိုးဆော်ခြင်းမရှိသော်လည်း ငလျင်ဖြစ်ပွားပြီး တစ်ပတ်ခန့်အကြာ ပုံမှန်ထက်ပို၍ ငလျင်လှုပ်ရှားမှုကို သတိပြုပြီး ငလျင်လှုပ်ခြင်းကို ခံစားမိခြင်း ဆူနာမီကြိုတင်သတိပေးချက် ထုတ်ပြန်သည့်အချိန်မျိုးတွင် ချက်ချင်းဘေးလွတ်ရာသို့ ထွက်ခွာနိုင်ရန် သေချာ ပြင်ဆင်ထားပါ

! တစ်ပတ်ကြာဆိုသော ကြာချိန်သည် လူတစ်ဦးတစ်ယောက်ချင်းအတွက် ကာကွယ်တားဆီးခြင်းများ ဆက်လက်လုပ်ဆောင်နိုင်သော အတိုင်းအတာကို ထည့်သွင်းစဉ်းစားထားခြင်းဖြစ်သောကြောင့် တစ်ပတ်အတွင်း နောက်ဆက်တွဲငလျင်မဖြစ်ဘူးဟု သတ်မှတ်၍မရနိုင်ပါ ဆက်လက်၍ ငလျင်ဖြစ်ပွားမှုများကို သတိပြုကြရအောင်